# အသက် ၉၀ ကျော်သူတစ်ဦးနှင့် အတုယူစရာတွေ့ဆုံမှု

## An Inspiring Encounter with a Nonagenarian



နိုဝင်ဘာလ ၁၅ ရက်၊ အင်္ဂါနေ့မှာ ကျွန်တော် မဒမ် ထော်ဆယ်ယောင်းရဲ့အိမ်ကို သွားရောက်ခဲ့ပါတယ်။ သူမဟာ အသက် ၉၄ နှစ်အရွယ် ဆိုပေမယ့် တက်ကြွပြီး ဘုရားတရား ကိုင်းရှိုင်းတဲ့ အမျိုးသမီးတစ်ဦး ဖြစ်သလို၊ တရားဟော ဆရာကြီး ဒေါက်တာ ထော်ဆိန်ဟွာ နဲ့ တီမိုးသီထော် တို့ရဲ့ အငယ်ဆုံးညီမလည်း ဖြစ်ပါတယ်။ သူမဟာ ကျွန်တော်တို့ရဲ့ပြီးခဲ့တဲ့ သာသနာလုပ်ငန်းမှာ မြန်မာပြည်ရှိ ညီအစ်ကိုမောင်နှမများအတွက် အဝတ်အစားများ၊ ဗီတာမင်များနဲ့ အိတ်များကို လှူဒါန်းခဲ့သူပါ။ ဒါကို ကျွန်တော်တို့ တန်ဖိုးထား ကြောင်းပြချင်လို့ မြန်မာပြည်ကနေ ပါလာပေးတဲ့ သစ်သီးဝလံ၊ သားရေစာအချို့နဲ့၊  သူမဆီကို ကျေးဇူးတင်စကားပြောဖို့ သွားရောက်ခဲ့တာ ဖြစ်ပါတယ်။ သူမအနေနဲ့ ကျွန်တော်တို့ရဲ့ လာမယ့် Bangalore မစ်ရှင်ခရီးစဉ်အတွက်လည်း နောက်ထပ် အဝတ်အစားအချို့ထပ်မံ လှူဒါန်းလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသေးတယ်။ မဒမ် ထော်ဟာ Sovereign Hope BPC အသင်းတော်ရဲ့ တရားဟောချက်များကို နားထောင်နေသူဖြစ်ပြီး၊ လွန်ခဲ့တဲ့ ၆ နှစ်တာကာလအတွင်း ကျွန်တော်တို့ အသင်းတော်ရဲ့ အပတ်စဉ်စာစောင်များကို ဖတ်ရှုရုံမက ဝတ္တရားသိတတ်စွာ ဖိုင်တစ်ခုထဲမှာ သိမ်းဆည်းထားတတ်သူဖြစ်ပါတယ်။ ဒီအသက် ဒီအရွယ်ထိ ဘုရားသခင်နဲ့ သူ့လူတွေကို ချစ်မြတ်နိုးတဲ့အပေါ် ဘုရားသခင်ကို ကျွန်တော်တို့ အမှန်တကယ် ကျေးဇူးတင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ အတွက် သူမဆီက သင်ယူဖို့နဲ့ ဒီဘဝမှာ သခင့်အတွက် ကောင်းမွန်စွာ နေထိုင်ဖို့ လှုံ့ဆော်မှုတစ်ခုပဲ ဖြစ်ပါတယ်။



မြန်မာပြည် သာသနာခရီးစဉ်ဟာ အန္တရာယ် ရှိနေပေမယ့်လည်း ဒီခရီးစဉ် ကို ကိုယ်တော် ပြင်ဆင်ပေးခဲ့ပါတယ်။ ကျွန်တော်တို့နည်းနည်း တော့ ကြောက်ရွံ့တုန်လှုပ်ကြပေမယ့် ဘုရားရဲ့ကျေးဇူး တော်နှင့် ကာကွယ် စောင့်ရှောက်မှုကို အားကိုးရင်းနဲ့ သွားခဲ့ကြတာဖြစ်ပါ

တယ်။ ကျွန်တော့်ရဲ့ အချိန်အများစုကိုတော့ Myanmar Theological Seminary ကျောင်းမှာ ပညာသင်ကြားနေတဲ့ ပါစ္စတာ ၉ ဦးနဲ့ MA သင်ရိုးအနေဖြင့် အသင်းတော် သမိုင်းဆိုင်ရာ ဘာသာရပ်ကို စာသင်ချိန် ၂၅ နာရီ အတွင်း ဆွေးနွေးခြင်းများ၊ ဉာဏ်စမ်းများ၊ စာမေးပွဲများနဲ့ သတ်မှတ်ပေးတဲ့အလုပ် (အဆိုင်းမင့်) များနဲ့ သင်ကြားပို့ချပေးခြင်းဖြင့် အချိန်ကုန်လွန် စေခဲ့ပါတယ်။ ကျွန်တော်ဟာ ခရစ်ယာန်ယုံကြည်ချက် ခုခံကာကွယ်ခြင်းဆိုင်ရာ ဘာသာရပ်ကိုလည်း Biblical Institute of Theology ကျောင်းမှာ နေ့တစ်ဝက် သင်ကြားပို့ချ ပေးခဲ့ပါတယ်။

ဒေါက်တာ ဆမူအဲလ် ဂန် ဟာ သမ္မာကျမ်းစာလာ ဖန်ဆင်းခြင်းအယူဝါဒ အကြောင်းကို Hosanna Bible College (HBC), Biblical Reformed Seminary နှင့် Biblical Institute of Theology ကျောင်းရှိ ကျောင်းသူကျောင်းသား များကို သင်ကြားပို့ချ ပေးခဲ့ပါတယ်။ ဒါတွေဟာ ကျောင်းသူကျောင်း သားတွေအတွက် တကယ်အကျိုးရှိသောသင်ယူချိန်တွေ ဖြစ်သလို၊ Creation Ministries International မှ ရရှိနိုင်တဲ့ အရင်းအမြစ်များစွာနဲ့လဲ သူတို့ကို မိတ်ဆက်ပေးဖို့ အကောင်းဆုံးအချိန်တွေ ဖြစ်ခဲ့ပါတယ်။







ညီအစ်ကို ဂျွန်ဝေါင် အနေနဲ့ ဂိဒေါင်သာသနာလုပ်ငန်းနဲ့ ပတ်သက်တဲ့ အစီရင်ခံချက်ကို ဝေငှပြီးနောက် ကျောင်းသားအချို့ကို ဂိဒေါင်သမ္မာကျမ်းစာ စာအုပ်များ ပေးဝေခဲ့ပါတယ်။

အင်္ဂါနေ့ ညနေပိုင်းမှာတော့၊ ကျွန်တော်တို့တတွေ Gilead Balm Home (GBH) မှာ ဟောပြောဝေငှရန်နဲ့ မိတ်သဟာယဖွဲ့ရန်အတွက် အခွင့်အခါကောင်း ရရှိခဲ့ကြပါတယ်။ အဲန်ဂျီ မှ ကလေးများကို ဘုရားသခင်ရဲ့ဖန်ဆင်းခြင်းနဲ့ စပ်ဆိုင်တဲ့ ချီးမွမ်းသီချင်းများနဲ့ ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်တယ်။ ဂျွန်က မျက်နှာနဲ့အမြန်လှုပ်ရှားရင်းဆော့ရတဲ့ ပျော်စရာဂိမ်း တစ်ခုကို ဦးဆောင်ခဲ့ပြီးတော့၊ ဒေါက်တာ ဆဲမ် က ဒိုင်နိုဆောများနဲ့ ပတ်သက်တဲ့ သင်ခန်းစာ တစ်ပုဒ်ကို ဝေငှခဲ့ပါတယ်။







ကျွန်တော်တို့ဟာ အလေးချိန် ၁၅၀ ကီလိုဂရမ်လောက် လေးတဲ့ စာအုပ်များ၊ စားစရာများ၊ လက်ဆောင်ပစ္စည်းများ၊ ဗီတာမင်နှင့် အဝတ်အထည်များကို GBH, HBC ကျောင်းသားများအတွက်၊ ဓမ္မဆရာ မေတ္တာ မိသားစု နှင့် ဓမ္မဆရာလာပွီး မိသားစု တို့အတွက် ယူလာပေးကြတာပါ။ ဘယ်လောက်တောင် ဝမ်းသာစရာ ကောင်းလိုက်တဲ့ လက်ဆောင်တွေ ပါလိမ့်။ ဒါကို သူတို့အနေနဲ့လဲ ပေးကမ်းလှူဒါန်းသူအားလုံးနဲ့၊ နည်းမျိုးစုံဖြင့် မေတ္တာပြတဲ့သူတွေအားလုံး အပေါ်မှာ လှိုက်လှိုက် လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ဖော်ပြကြပါတယ်။





Sovereign Hope BP Church
Myanmar Missions Oct 2024
A sample of the Vitamins
for the Pastors/Preachers & families.
Thank you for your love in Christ.



Thank you for your
many contributions!
100 goody bags
were prepared for the
seminary students and children
They were delighted with
the expression of God's Love.

















ဒါ့အပြင် ကျွန်တော်တို့ဟာ Evangelical Presbyterian Church of Myanmar (EPCM) အသင်းတော် ရဲ့ အဆောက်အဦး အသစ် သို့လည်း သွားရောက်လည်ပတ် ခဲ့ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း နောက်ဆုံးအဆင့်အတွက် ကျွန်တော်တို့ ဆုတောင်း ပေးခဲ့ကြပါတယ်။ ဒီလိုထိုက်တန်တဲ့ စီမံကိန်း အတွက် ကျွန်တော်တို့အသင်း တော်အနေနဲ့ နည်းမျိုးစုံဖြင့် ပါဝင်ကူညီ ထောက်ပံ့ ပေးနေပါတယ်။ ဘုရားအလိုတော်ရှိရင် လာမယ့်နှစ် အစောပိုင်း မှာတော့ အားလုံးအဆင်သင့် ပြီးစီးနေလောက်ပါပြီ။





EPCM အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီဒီယာ ရဲ့အိမ်မှာ မိသားစုဝတ်ပြုခြင်းအတွက် ဒေသနာဝေငှဖို့ ကျွန်တော်တို့ကို ဖိတ်ကြားတဲ့အတွက်၊ ပါစ္စတာ Jack အနေနဲ့ ရှင်ယုဒသြဝါဒစာ ၂၀-၂၅ ထဲက ခရစ်ယာန်တို့ရဲ့ကျင့်ဝတ် (၄) မျိုး အကြောင်းကို ဝေငှဖြစ်ခဲ့ပါတယ်။

ပျောက်ဆုံး ဝိညာဉ် ကယ်တင်ခြင်း ရရှိဖို့နဲ့ သာသနာလုပ်ငန်း လိုအပ်ချက် များအတွက် ပါစ္စတာများ၊ ခေါင်းဆောင်များနှင့် ကျောင်းသားများကို တခြားနိုင်ငံတွေမှာ တပ်ဆင် ဖြည့်ဆည်းပေးနိုင်ရန် သင်တို့အသင်းသားများရဲ့ ဆုတောင်းပေးနေမှုများအပေါ် အသင်းတော်ကို

ကျွန်တော်တို့ ကျေးဇူးတင် ကြပါတယ်။ ကျွန်တော်တို့ မစ်ရှင်အဖွဲ့သားများရဲ့ ခရီးစဉ်တစ်လျှောက်လုံးမှာ ကျန်းမာချမ်းသာစွာ ခရီးသွားလာခွင့်ပေးတဲ့ ဘုရားသခင်ကို ကျေးဇူးတင် ကြပါတယ်။ စင်စစ်၊ ရှင်ယောဟန် ၉း၄ ထဲမှာ - ***"ငါ့ကို စေလွှတ်တော်မူသော သူ၏ အမှုကို နေ့အချိန်၌ရှိစဉ်တွင် ငါပြုရမည်။ အဘယ်သူမျှ အမှုမပြုနိုင် သော အချိန်တည်းဟူသော ညအချိန်လာသေး၏။"*** ဟု ခရစ်တော်က စံနမူနာ ပေးထားသလိုပဲ၊ ကျွန်တော်တို့လည်းပဲ အလျှင် အမြန်သွား၍ အမှုတော်ဆောင်ကြပါစို့။

ကျွန်တော်တို့အသင်းတော်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ တမန်တော်ဝတ္ထု ၂၀း၂၄- *"သို့ရာတွင်* ***ဘုရားသခင်၏ ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှာ၊*** *သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာအမှု တည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီးစေမည် အကြောင်း၊ ထိုသည့်ဆဲခြင်းအမှု တစ်စုံတစ်ခုကိုမျှ ငါသည်ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ၊"* ဟူသောအချက်ကို အကောင် အထည် ဖော်ရာတွင် သစ္စာရှိကြပါစို့။

**Rev. Dr Jack Sin**
Sovereign Hope Bible-Presbyterian Church
Singapore

ဘာသာပြန် - *Mr. Benjamin Chui*